ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

အီဒုလ်ဖိသိရ် ဝါကျွတ်အီးဒ်ပွဲတော်နေ့ အထိမ်းအမှတ် မြန်မာနိုင်ငံသား အစ္စလာမ်ဘာသာဝင်များထံသို့ အမျိုးသားညီညွတ်ရေးအစိုးရမှ ပေးပို့သော သဝဏ်လွှာ

၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၂ ရက်

အစ္စလာမ်ဘာသာဝင်များ၏ နေ့ထူးနေ့မြတ်တစ်ရက်ဖြစ်သည့် အီဒုလ်ဖိသိရ် ဝါကျွတ်အီးဒ်ပွဲတော်နေ့ အခါသမယတွင် မြန်မာနိုင်ငံသား အစ္စလာမ်ဘာသာဝင်များအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

အစ္စလာမ်ဘာသာဝင်များသည် နှစ်စဉ် နှစ်တိုင်း ရမဒွါန်လမြတ် အချိန်အခါ ကျရောက်တိုင်း ရိုဇာဥပုသ်သီလ ဆောက်တည်ခြင်း၊ အလ္လာဟ်အသျှင်မြတ်ထံတော်ပါး ဝတ်ပြုဆုတောင်းခြင်းနှင့် အတူ နွမ်းပါးသူများအား ဖေးမကူညီလှူဒါန်းခြင်းစသည့် ကောင်းမှုသီလများအား ဆောက်တည်ကြကြောင်း သိရသည်။ ယင်းကဲ့သို့ တစ်လတိုင်တိုင် ဥပုသ်သီလယူသူများအတွက် ဝါတွင်းကာလ ကုန်ဆုံးပြီးနောက် ပျော်ရွှင်ချမ်းမြေ့စရာ ဝါကျွတ်ပွဲတော်ဖြစ်သည့် အီဒုလ်ဖိသိရ်အီးဒ်ပွဲတော်ကို ဆင်နွှဲကြကြောင်း သိရသည်။ အဆိုပါ အီဒုလ်ဖိသိရ်အီးဒ်ပွဲတော်နေ့တွင် မြန်မာနိုင်ငံသား အစ္စလာမ်ဘာသာဝင်များသည် စားဖွယ်အစုံအလင်ကို ချက်ပြုတ်ပြီး ဘာသာလူမျိုး မတူသူများအား ဖိတ်ခေါ်၊ ပေးပို့ ဧည့်ခံခြင်းမှာလည်း မြန်မာအစ္စလာမ်တို့၏ ချစ်စရာကောင်းလှသည့် အစဉ်အလာ ဓလေ့တစ်ခုဖြစ်သည်။

သို့သော် ယခုအချိန်သည် အမိမြန်မာနိုင်ငံအား စစ်အာဏာရှင်တို့မှ လက်နက်အားကိုးဖြင့် အဓမ္မအာဏာသိမ်းယူဖို့ကြိုးစားပြီး ပြည်သူပြည်သားများအား လေယာဉ်ဖြင့် ဗုံးကြဲခြင်း၊ အကြမ်းဖက်သတ်ဖြတ်ခြင်း၊ မတရားဖမ်းဆီးချုပ်နှောင်ထားခြင်း၊ နိုင်ထက်စီးနင်းပြုခြင်းများ တစ်နေ့တခြားပိုမိုလုပ်ဆောင်လျက်ရှိနေတာကိုလည်း ယခုထက်ပိုပြီး သတိကြီးကြီးထား ကာကွယ်ရမှာ ဖြစ်ပါသည်။ ပြည်သူတစ်ရပ်လုံးမှလည်း အကြမ်းဖက်စစ်တပ်အား ရရာလက်နက်စွဲကိုင်ကာ အရှိန်အဟုန်မပျက် တော်လှန်တိုက်ပွဲဝင်နေပြီး အကြမ်းဖက်စစ်တပ်ကို အမြစ်ဖြတ်ချေမှုန်းမည့် မိမိတို့ရဲ့ တော်လှန်ရေးခရီးကလည်း အတိုင်းအတာ တစ်ခုအထိ ခရီးပေါက်နေပြီဖြစ်ပါသည်။ ထိုပြည်သူ့တော်လှန်ရေးအတွင်း မြန်မာနိုင်ငံသား အစ္စလာမ်ဘာသာဝင်များလည်း ပြည်သူတစ်ရပ်လုံးနှင့်အတူ တော်လှန်ရေး

ခရီးမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ကာ တိုင်းပြည်အတွက် အသက်စွန့်တိုက်ပွဲဝင်နေကြကြောင်း သိရသည်။ ထို့အတူ ဘာသာစုံ၊ လူမျိုးပေါင်းစုံ ပူးပေါင်းကာ စစ်အာဏာရှင်စနစ်ကို အမြစ်ပြတ်ချေမှုန်းနေသည်မှာလည်း လေးစားဂုဏ်ယူဖွယ်ရာ တွေ့မြင်ကြားသိနေရသည်။

ဆက်လက်၍ စစ်အာဏာရှင်စနစ်အား အပြီးတိုင် တွန်းလှန်ကာ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ ခွင့်တူညီမျှပြီး ခွဲခြားဆက်ဆံမှု ကင်းစင်သည့် ဖယ်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးကဏ္ဍတွင် အမျိုးသားညီညွတ်ရေးအစိုးရသည် ပြည်သူလူထုတစ်ရပ်လုံးနှင့် လက်တွဲကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးလိုပါသည်။ အီဒုလ်ဖိသိရ် ဝါကျွတ်အီးဒ်ပွဲတော်နေ့ အချိန်အခါသမယတွင် အစ္စလာမ်ဘာသာဝင်များအားလုံး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာကြပါစေကြောင်းနှင့် ဘေးအန္တရာယ်များမှ ကင်းဝေးကြပါစေကြောင်း အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့မှ ဆုတောင်းမေတ္တာပို့သရင်း ဤသဝဏ်လွှာအား ပေးပို့အပ်ပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ